ကျွန်မသည် အာအိရှဟ်သခင်မအား

ဓမ္မတာလာနေတယ့်အမျိုးသမီးဟာ (ကိုယ်သန့်သွားတယ့်အခါ) ဆောင်မ်ဥပုသ်ကို ပြန်လည်ဖြည့်စွက်ရပြီး ဆွလာသ်ကိုပြန်မဖြည့်စွက်ရခြင်းမှာ အဘယ်ကြောင့်နည်းဟု

မေးမြန်းလျှောက်ထားခဲ့သည်

မုအာဇဟ် သခင်မက ဆင့်ပြန်ခဲ့သည်။ ကျွန်မသည် အာအိရှဟ်သခင်မအား
ဓမ္မတာလာနေတယ့်အမျိုးသမီးဟာ (ကိုယ်သန့်သွားတယ့်အခါ) ဆောင်မ်ဥပုသ်ကို
ပြန်လည်ဖြည့်စွက်ရပြီး ဆွလာသ်ကို ပြန်မဖြည့်စွက်ရခြင်းမှာ အဘယ်ကြောင့်နည်းဟုမေးမြန်းလျှောက်ထားခဲ့သည်။ ထိုအခါ အာအိရှဟ်သခင်မက အသင်မ ဟရူရီယဟ်ဂိုဏ်းဝင်လားဟုမေးမြန်းရာ ကျွန်မက မိမိသည် ဟရူရီယဟ်ဂိုဏ်းဝင်မဟုတ်ကြောင်း၊ ဒီတိုင်း (သိချင်ရုံမျှသာ) မေးမြန်းခြင်း ဖြစ်ပါသည်ဟု လျှောက်ထားရာ သခင်မက ကျွန်မတို့လည်း
ဓမ္မတာလာခဲ့ကျတယ်။ ကျွန်မတို့ဟာ ဆောင်မ်ဥပုသ်ကို ဖြည့်စွက်ရန်
အမိန့်ပေးခံခဲ့ကြရပြီး ဆွလာသ်ကို ပြန်ဖြည့်ရန်အတွက် အမိန့်ပေးမခံခဲ့ရပါ
ဟုမိန့်ကြားခဲ့သည်။
[صحيح] [متفق عليه]

မုအာဇဟ် အလ်အဒ်ဝိယဟ်က မိခင်မွန်ကြီး အာအိရှဟ်သခင်မအား ဤသို့ မေးမြန်းခဲ့သည်- ဓမ္မတာလာနေတယ့်အမျိုးသမီးဟာ (ကိုယ်သန့်သွားတယ့်အခါ) ဆောင်မ်ဥပုသ်ကိုပြန်လည်ဖြည့်စွက်ရပြီး ဆွလာသ်ကို ပြန်မဖြည့်စွက်ရခြင်းမှာ အဘယ်ကြောင့်နည်း။ ထိုအခါမိခင်မွန်ကြီး အာအိရှဟ်သခင်မက သူမအား မေးမြန်းခဲ့သည်မှာ - အသင်မဟာဟရူရီယဟ်ခါရီဂျီဂိုဏ်းဝင်များထဲမှလား။ အကြင်ခါရီဂျီဂိုဏ်းဝင်များသည်တင်းကျပ်ခြင်း၊ တင်းမာခြင်းအတွက် မေးခွန်းများကို အလွန်အမင်း မေးမြန်းတတ်ကြ၏။မုအာဇဟ်က "ကျွန်မသည် ဟရူရီယဟ်ဂိုဏ်းဝင်တစ်ဦးမဟုတ်ပါ။ ဒီတိုင်း (သိချင်ရုံမျှသာ) မေးမြန်းခြင်း ဖြစ်ပါသည်ဟု လျှောက်ထားရာ သခင်မက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ရဲ့ ခေတ်ကာလတုန်းက ကျွန်မတို့လည်းဓမ္မတာလာခဲ့ကျတယ်။ကျွန်မတို့ဟာ ဆောင်မ်ဥပုသ်ကို ဖြည့်စွက်ရန် အမိန့်ပေးခံခဲ့ကြရပြီး ဆွလာသ်ကိုပြန်ဖြည့်ရန်အတွက်အမိန့်ပေးမခံခဲ့ရပါဟုမိန့်ကြားခဲ့သည်။

http://www.sunnah.global/hadeeth/my/show/3449